‘သတိပြုကြ၊ အရက်ကို ဟရာမ်တားမြစ်လိုက်ပြီ’ ဖြစ်ကြောင်းကြွေးကြော်ရန် အမိန့်ပေးတော်မူလေသည်

အနတ်စ် (ရဿွိယလ္လာဟုအန်ဟု)ထံမှဆင့်ပြန်လာရှိသည်။ ၎င်းက ပြောပြခဲ့သည်။
“ကျွန်ုပ်သည် အဘူသွလ်ဟာ၏အိမ်တွင် လူများကိုအရက်တိုက်ကျွေးသူဖြစ်ခဲ့သည်။
ထိုအချိန်က ၎င်းတို့၏ အရက်မှာ ‘ဖဿွီးဟ်’ (စွန်ပလွံသီးဖြင့် ချက်ထားသော အရက်)
ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ကြွေးကြော်သူတစ်ဦးကို ‘သတိပြုကြ၊အရက်ကို ဟရာမ်တားမြစ်လိုက်ပြီ’ ဖြစ်ကြောင်း ကြွေးကြော်ရန် အမိန့်ပေးတော်မူလေသည်။၎င်းက ဆက်လက်ပြောပြသည်မှာ - အဘူသွလ်ဟာက ကျွန်ုပ်အား ‘ထွက်သွားပြီး
ယင်းအရက်များကို သွန်ပစ်လော့’ ဟု ပြောဆိုခဲ့၏။ ကျွန်ုပ်သည် ထွက်သွားပြီး
ယင်းအရက်များကို သွန်ပစ်လိုက်ရာ၊ မဒီနာမြို့၏လမ်းများတစ်လျှောက်
စီးဆင်းသွားသည်။ ထိုအခါ လူအချို့က ‘အရက်သည် သူတို့၏ဝမ်းဗိုက်ထဲတွင်ရှိနေစဉ်လူအချို့သေဆုံးသွားခဲ့ပြီ’ ဟု ပြောကြသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်သည်
[အီမာန်ယုံကြည်ပြီး ကောင်းမှုများပြုကျင့်သောသူများအပေါ်၌ (ယခင်က)
သုံးဆောင်ခဲ့သည့်အရာများအတွက် အပြစ်မရှိပေ] (အလ်-မာအိဒဟ် ၅း၉၃) ဟူသော
အာယတ်တော်ကို ချပေးတော်မူခဲ့၏။” [صحيح] [متفق عليه]

အနတ်စ် ဗင်န် မာလစ်က်(ရဿွိယလ္လာဟုအန်ဟု)က ဤသို့ ဆင့်ပြန်တင်ပြခဲ့သည်- သူသည်မိမိမိခင်၏ခင်ပွန်းဖြစ်သူ အဘူသွလ်ဟာ(ရဿွိယလ္လာဟုအန်ဟု)၏ အိမ်ရှိလူများကိုအရက်တိုက်ကျွေးသည့် တာဝန်ကိုထမ်း‌ဆောင်ခဲ့သည်။ ထိုအချိန်က ၎င်းတို့၏ အရက်မှာ ‘ဖဿွီးဟ်’ (မှည့်သွားသောစွန်ပလွံသီးခြောက်နှင့်မမှည့်သေးသောစွန်ပလွံသီးအစိမ်းကိုရောချက်ထားသောအရက်) ဖြစ်သည်။‌ ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ကြွေးကြော်သူက ‘သတိပြုကြ၊ အရက်ကိုဟရာမ်တားမြစ်လိုက်ပြီ’ ဖြစ်ကြောင်း ကြွေးကြော်လာသည်။ ၎င်းက ဆက်လက်ပြောပြသည်မှာ - အဘူသွလ်ဟာက ကျွန်ုပ်အား ‘ထွက်သွားပြီး ယင်းအရက်များကို သွန်ပစ်လော့’ ဟု ပြောဆိုခဲ့၏။ကျွန်ုပ်သည် ထွက်သွားပြီး ယင်းအရက်များကို သွန်ပစ်လိုက်ရာ၊မဒီနာမြို့၏လမ်းများတစ်လျှောက် စီးဆင်းသွားသည်။ ထိုအခါ လူအချို့က "အရက်ဟရာမ်မဖြစ်မီက သူတို့၏ဝမ်းထဲတွင် အရက်ရှိနေသည့် စွဟာဗဟ်များလည်းသေဆုံးသွားပြီ" ဟု ပြောကြရာ အလ္လာဟ်အရှင်က ဤအာယသ်တော်ကို ချမှတ်တော်မူခဲ့သည်- [အီမာန်ယုံကြည်ပြီး ကောင်းမှုများပြုကျင့်သောသူများအပေါ်၌ (ယခင်က) သုံးဆောင်ခဲ့သည့်အရာများအတွက် အပြစ်မရှိပေ]။ (အလ်-မာအိဒဟ် ၅း၉၃) ဆိုလိုသည်မှာအရက်ဟရာမ်မဖြစ်မီက သောက်စားခဲ့ကြသော အီမာန်ယုံကြည်သူများအတွက် ထိုအရာတွင်အပြစ်တစ်စုံတစ်ရာမရှိပေ။

http://www.sunnah.global/hadeeth/my/show/66034